*Volume 4 / Issue 12 / December / 2011*

*Enjoy free reading from B.C.F*

# † Newsletter - သတင်းလွှာ

## မြန်မာခရစ်ယာန်မိတ်သဟာယအသင်းတော်

(အသင်းတော်တွင်းကန့်သတ်ထုတ်ဝေသည်)

# Merry Christmas to you all!



**The Christ is born. Hallelujah… Hallelujah!**

# ခရစ္စမတ်ခေါင်းလောင်းသံ



ခရစ္စမတ်ခေါင်းလောင်းသံ … ဒင် … ဒင် … ဒေါင် … ဒေါင်၊
ဝေယံထက်မှာပျံ့လွင့်ကာ…ကြားရသူတိုင်းမှာ
ခေါင်းလောင်းသံနှင့်အတူ … ရွှင်မြူးနေ
"ပျော်ရွှင်ခရစ္စမတ်"ဖြစ်ပါစေ။

ခရစ္စမတ်ခေါင်းလောင်းသံ … ဒင် … ဒင် … ဒေါင် … ဒေါင်၊
မောနွှေလအသခင်…ကောင်းကင်မှဆင်းသက်
လူသားတိုင်းကို … ကယ်တင်ရန်
ဖွားမြင်တော်မူပြီ။

ခရစ္စမတ်ခေါင်းလောင်းသံ … ဒင် … ဒင် … ဒေါင် … ဒေါင်၊
ဘုရားဂုဏ်တော်ချီးမွမ်းကာ … ဘုရားရှင်မွေးနေ့မှာ
မေရှိယသခင်ကို … မျှော်နေသူ
အလင်းတွေ့ရပြီ။

ခရစ္စမတ်ခေါင်းလောင်းသံ … ဒင် … ဒင် … ဒေါင် … ဒေါင်၊
သိုးသူငယ်ပမာ … မြတ်သွေးတော်သွန်းကာ
ထာဝရရွေးနှုတ်လို့ … စင်ကြယ်စေ
ငြိမ်းချမ်းမှုရပြီ။

ခရစ္စမတ်ခေါင်းလောင်းသံ … ဒင် … ဒင် … ဒေါင် … ဒေါင်၊
အံ့ဩဘွယ်ရာ … သတင်းစကား
ကမ္ဘာမြေအနှံ့ … ရောက်အောင်ပြောကြား။

ခရစ္စမတ်ခေါင်းလောင်း … သတင်းကောင်း
ဒင် … ဒင် … ဒေါင် … ဒေါင်။

♠ *Smile*



## Star

By: Soe Myat Mon/Goodycat

Look at the star,
burning bright!
It marks the birth
of Jesus Christ.
Look at the star!
said the shepards
in the meadows right at night.
Look at the star!
said three wise men
riding on their camels then.
Look at the baby!
said the angel.
He has come to save us all.

# ခရစ္စမတ်လက်ဆောင်

ရီရီအေး

ချမ်းအေးသော ဆောင်းရာသီ အခါသမယ ဒီဇင်ဘာလ ခရစ္စမတ်သို့ ရောက်လာပြီဆိုလျှင်၊– မွေးနေ့တော် (ခရစ္စမတ်)ကို နည်းအမျိုးမျိုး အဖုံဖုံဖြင့် ဝတ်ပြုကိုးကွယ်ကြသည်။ ကျင်းပကြသည်။ ပါဝင်ဆင်နွဲကြသည်။ ခရစ္စမတ်နှင့်ပတ်သက်၍ ဒဏ္ဍာရီပုံပြင်၊ ရုပ်ရှင်ဇာတ်လမ်း အမျိုးမျိုး ထုတ်လွှင့်ကာ လူကြီးအပါအဝင် ကလေးသူငယ်များ ကြိုက်နှစ်သက်ကြသည်။ ပျော်ကြသည်။ ရွှင်မြူးကြပါသည်။ ပစ္စည်းအသစ်အဆန်းများ တည်ထွင်ရောင်းချခြင်းဖြင့် စီးပွါးရေးလဘ်ရွှင်ကြသည်။ မိုတ်တစ်ခါ၊ လင်းတစ်လှည့် လူ့မျက်စိကိုဖမ်းစားစေသော လျှပ်စစ်မီးရောင်စုံများနှင့်အလှဆင်တန်ဆာပလာများ၊ ခရစ္စမတ်သစ်ပင်များနှင့်လက်ဆောင်ပစ္စည်းများစွာတို့သည် မွေးနေ့တော်နှင့် ခရစ္စမတ်ပွဲအကြားတွင် ကိုယ်၏သွေးဆောင်ခြင်း၊ စိတ်၏ဆွဲဆောင်ခြင်းအပြင် လိုချင်တတ်မက်ခြင်း စသည်တို့ကိုလည်း ပွားများစေပါသည်။ အပျော်အပါးလွန်ကျူးပါက ခိုက်ရန်ဖြစ်ခြင်းမှ ဒဏ်ရာဒဏ်ချက်ရသူများ ရှိသလို အသက်သေဆုံးသည်အထိ ဖြစ်တတ်ကြသည်။ ဤသည်ကား ပျော်မြူးဖွယ်ရာ အားလပ်ရက် အသွင်သာ ဖြစ်၏။ စစ်မှန်သော မွေးနေ့တော် (ခရစ္စမတ်) မဟုတ်ပေ။

ခရစ္စမတ်သည် သခင်ယေရှု၏ ဖွားမြင်တော်မူခြင်းကို အကြောင်းပြု၍ ကျင်းပသော နေ့ထူးနေ့မြတ်ပွဲတော်ဖြစ်ပါသည်။ သို့သော်လည်း ခရစ္စမတ်ဟူသည် ဖွားမြင်ခြင်း၏နောက်ကွယ်မှာ ထာဝရဘုရားသခင်၏နက်ရှိုင်းသောမေတ္တာတော်နှင့် အကြံအစည်တော်သည် အလွန်အံ့သြဘွယ်ရာဖြစ်သည်။

ဤလောက၌လောကီသားတို့၏အပြစ်များကို သန့်ရှင်းစင်ကြယ်စေရန်အလို့ငှါ ကောင်းကင်ဘုံ၌ရှိတော်မူသောထာဝရဘုရားသည် မိမိ၌တစ်ပါးတည်းသောသားတော်ကို လူ့ဇာတိခံယူရန် အပျိုကညာမာရိ၏ဝမ်းတွင်သန္ဓေတည်စေမည့်အကြောင်း ပရောဖက်များအားဖြင့် ဗျာဒိတ်ထားခဲ့သည်။ **“သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍၊ သားယောကျ်ားကို ဖွားမြင်လတံ့။ ထိုသားကို မောန္နေလအမည်ဖြင့် မှည့်ရလတံ့။ မောန္နေလအနက်ကား၊ ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း”**။ (ဟေရှာယ ၊ ၇း၁၄၊ ရှင်မဿဲ၊ ၁း၂၃)

ပရောဖက်များ ဟောကြားချက်တွင် ယေရှုခရစ်တော်၏ အသက်တာ၌ အရေးပါအရာရောက်သည့်အကြောင်းအရာများကိုလည်း အသေးစိတ်နက်နဲတိကျစွာ နှစ်ရာကျော်ချီပြီး (ရ၀၀ကျော်) ကြိုပြောထားပါသည်။ ထိုအနာဂတ္တိစကားများအားလုံး လွန်ခဲ့သောနှစ်ပေါင်း(၂၀၀၀)ကျော်ကတည်းက တိကျမှန်ကန်စွာ ပြည့်စုံခဲ့ပါသည်။ တနည်းအားဖြင့် ဓမ္မဟောင်းကာလမှ ပြောကြားချက်များသည် ဓမ္မသစ်ကာလမှာပြီးပြည့်စုံလာ၏။ **“အနာဂတ္တိစကားသည် လူအလိုအားဖြင့် ဖြစ်သည်မဟုတ်။ ဘုရားသခင်၏သန့်ရှင်းသူတို့သည် သန့်ရှင်းသော ဝိညာဉ်တော်၏ တိုက်တွန်းတော်မူခြင်းကို ခံရ၍ ဟောပြောကြ၏ ”**။

သူငယ်တော်ယေရှု ဖွားမြင်ခြင်းသည် ဒဏ္ဍာရီပုံပြင်မဟုတ်ပါ။ ပါးစပ်ရာဇဝင်မဟုတ်ပါ။ သမိုင်းမှတ်တမ်းတစ်ပိုဒ်လည်းမဟုတ်ရပါ။ မပြောင်းလဲသော မဟာဂန္တဝင်မြောက် တကယ့်ဖြစ်ရပ်မှန်ဖြစ်သည်။

# သခင်ခရစ်တော်တည်းဟူသော ကယ်တင်သောအရှင်သည် သင်တို့အဘို့အလို့ငှါ ဖွားမြင်ခြင်းကိုခံတော်မူပြီ။

အကြောင်းမူကား၊ ငါတို့အဘို့သူငယ်ကိုဖွားမြင်၏။ ငါတို့အားသားကိုသနားတော်မူ၏။ ထိုသူသည်အုပ်စိုးခြင်းအာဏာစက် ရှိလိမ့်မည်။ နာမတော်မူကား အံ့ဩဖွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသောဘုရားသခင်၊ ထာဝရအဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်။ (ဟေရှာယ ၊ ၉း၆)

"ယေရှဲအမျိုးအငုတ်၌ အတက်ပေါက်လိမ့်မည်။ သူ၏အမြစ်တို့တွင် အညွန့်သည် အသီးသီးလိမ့်မည်။" (ဟေရှာယ ၊ ၉း၆၊ ယေယမိ၊ ၂၃း၅)

အိုဗက်လင်ဖေရတ်မြို့၊ အစိုးရသောယုဒမြို့တို့တွင် သင်သည် မြို့ငယ်မြို့ယုတ်ဖြစ်သော်လည်း ဣသရေလအမျိုးကိုအုပ်စိုးရသောသခင်သည် "ငါ့အဘို့သင်၏အထဲမှာ ပေါ်ထွန်းလတံ့။ ထိုသခင်သည်ရှေးကပ်ကမ္ဘာမှစ၍ ပေါ်ထွန်းသောသခင်ဖြစ်၏"။ (မိက္ခာ ၅း၂)

✳ အသက်ရှင်သောသူအပေါင်းတို့၏အမိဖြစ်သော ဧဝ၏အမျိုးအနွယ်အဘို့ ဂတိတော် ...၊

သင်နှင့်မိန်းမကိုငှင်း၊ သင်၏အမျိုးအနွယ်နှင့် မိန်းမ၏အမျိုးအနွယ်ကိုငှင်း ငါသည် ရန်ညိုးဖွဲ့စေမည်။ သူသည် သင်၏ခေါင်းကို ကြိတ်လိမ့်မည်။ သင်သည် သူ၏ဖနောင့်ကို ကြိတ်လိမ့်မည်ဟု မိန့်တော်မူ၏။ (ကမ္ဘာဦး ၃း၁၅)

✳ သခင်ယေရှုခရစ်တော်မှတပါး အဘယ်သူမျှ ကယ်တင်ခြင်းအမှုကို မတတ်နိုင်...၊

ထိုသခင်၏နာမတော်မှတပါး ငါတို့ကိုကယ်တင်နိုင်သောနာမတစုံတခုမျှ ကောင်းကင်အောက်လူတို့တွင် မပေါ်မရှိ။ (တမန်တော်ဝတ္ထု၄း၁၂)

✳ သခင်ယေရှုခရစ်တော်၏ စကားတော်ကို နာခံရမည့်အကြောင်း...၊

ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်းဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်တော်ပေးတော်မူပြီ။ (ဟေဗြဲ ၊ ၁း၁)

✳ သခင်ယေရှုခရစ်တော်၏ နှိမ့်ချတော်မူခြင်းကြောင့် ချီးမြှောက်ခံရခြင်း...၊

ထိုသခင်သည် ဘုရားသခင်၏ သဏ္ဍာန်တော်နှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ မိမိဘုန်းအသရေကို စွန့်၍ အစေခံကျွန်၏ သဏ္ဍာန်ကို ယူဆောင်လျက်၊ လူကဲ့သို့သောအဖြစ်၌ ဘွားမြင်ခြင်းကို ခံတော်မူ၏။ ထိုသို့လူ၏ဂုဏ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျက်၊ အသေခံခြင်းသာမဟုတ်၊လက်ဝါးကပ်တိုင်မှာ အသေခံခြင်းတိုင်အောင် အစေကျွန်ခံ၍ ကိုယ်ကိုကိုယ် နှိမ့်ချတော်မူ၏။ထိုကြောင့် ဘုရားသခင်သည် ကိုယ်တော်ကိုအလွန်ချီးမြှောက်၍ ဘွဲ့နာမတကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို ပေးသနားတော်မူ၏။ အကြောင်းမူကား၊ ကောင်းကင်သတ္တဝါ၊မြေကြီးသတ္တဝါ၊မြေကြီးအောက်၌ရှိသောသတ္တဝါတည်းဟူသောခပ်သိမ်းသောသတ္တဝါတို့သည် ယေရှု၏ဘွဲ့နာမတော်ကို ဒူးထောက်၍၊ ယေရှုခရစ်သည် သခင်ဖြစ်တော်မူ၏ ဟုနှုတ်နှင့် ဝန်ခံသဖြင့်၊ ခမည်းတော်ဘုရား၏ ဘုန်းအသရေတော်ကို ထင်ရှားစေကြမည်အကြောင်းတည်း။ (ဖိ၊၂း ၆-၁၁)

✳ အလိုတော်ပြီးပြည့်စုံရန် မွေးဖွားလာသည့် သခင်ယေရှုခရစ်တော်...၊

သခင်ယေရှုသည် လူသားအဖြစ်နှင့် ဤကမ္ဘာလောကကြီးမှာ အသက်ရှင်စဉ်အခါ လူသားတိုင်းကြုံတွေ့ရသည့်ပြဿနာနှင့် စုံးစမ်းခြင်းများတို့ကို ရင်ဆိုင်ရပါသည်။ သို့သော်၊ အဘဘုရားသခင်၏ စကားတော်ကိုနားထောင်ခြင်းအားဖြင့် ပြည့်ဝစုံလင်သော အသက်တာနှင့် အသက်ရှင်ခဲ့ပါသည်။ အပြစ်ကင်းသူ သခင်ယေရှုသည် လူသားတိုင်း၏အပြစ်ဝန်ထုပ်ကို မိမိအပေါ်မှာယူတင်ပြီး လူသားများ **"ထာဝရအသက်"** ကို ရရှိရန် လူသားတစ်ရပ်လုံးကိုယ်စား အသေခံဘို့ရန် ဖွားမြင်တော်မူ၏။

✳ သခင်ယေရှုခရစ်တော်၏ ဖိတ်ခေါ်သံနှင့် အံ့ဩဘွယ်လက်ဆောင်မွန်...၊

သခင်ယေရှုက "ငါသည်တံခါးရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကိုကြား၍ တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ ငါဝင်၍ သူနှင့်အတူ စားသောက်မည်။ သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်။ ငါသည်အောင်မြင်၍၊ ငါ့ခမည်းတော်၏ပလ္လင်တော်ပေါ်မှာ ခမည်းတော်နှင့်အတူထိုင်နေသကဲ့သို့၊ အောင်မြင်သောသူသည်ငါ၏ပလ္လင်ပေါ်မှာငါနှင့်အတူထိုင်နေရသောအခွင့်ကိုငါပေးမည်"ဟု မိန့်တော်မူ၏။

(ဗျာဒိတ်၊၃း၂၁)အရ–"**ကိုယ်စိတ်ကိုကိုယ်နှိုးဆော်လော့။ နောင်တရလော့**"ဟုသခင်၏မိန့်မှာချက်အတိုင်း ကျွန်ုပ်တို့၏စိတ်နှလုံးတံခါးကို ပိတ်ထားလျှင် နောင်တရကြပါ။ သခင်ယေရှုသည်**"အသက်"** ဖြစ်တော်မူ၏။ လောကသားတို့ အသက်နှင့်ပြည့်စုံခြင်းငှါ လူ့ဇာတိခံယူလျက် မွေးဖွားကြွလာတော်မူ၏။ ကျွန်ုပ်တို့သည် အမှန်တကယ်နောင်တရလျက် တံခါးဖွင့်ပြီး အိမ်ထဲဝင်ဘို့ သခင်ယေရှုကို ခေါ်ဖိတ်၍လက်ခံလျှင်၊ သခင်ယူဆောင်လာသည့်**"ထာဝရအသက်"**တည်းဟူသောအံ့ဩဘွယ်ရာ ကယ်တင်ခြင်းကျေးဇူးကို ကျွန်ုပ်တို့ရရှိလိမ့်မည်။ ဘုရားသခင်၏မေတ္တာတော်နှင့် ကျေးဇူးတော်၏အကျိုးမူကား လောကသားများအပေါ်၌ သခင်ယရှုခရစ်တော်အားဖြင့်တည်သော**"ထာဝရအသက်"**ပေတည်း။

ဤကား၊ စစ်မှန်သောခရစ္စမတ်လက်ဆောင်ပေတည်း။ သခင်ယေရှုသည် သူ၏လက်ဆောင်ကိုလက်ခံသူတိုင်းအား ခွင့်လွှတ်ခြင်းနှင့် ထာဝရအသက်ရှင်ခြင်းကို ပေးနေပါသည်။ **"ထာဝရအသက်"**သည် တန်ဖိုးမဖြတ်နိုင်သည့် မမြှော်လင့်သော လက်ဆောင်ဖြစ်သောကြောင့် အစဉ်မြဲချီးမွမ်းလျက် လှိုက်လှဲစွာကျေးဇူးတင်ပါ။

ချစ်သောမိတ်ဆွေ၊ သခင်ပေးသော ခရစ္စမတ်လက်ဆောင်ကို လက်ခံပါ။ မငြင်းပယ်ပါနှင့်။ သင်လက်ခံရရှိသောခရစ္စမတ်လက်ဆောင်အားဖြင့် သင်သည် ထာဝစဉ်ဝမ်းမြောက်ရွှင်လန်းခြင်း ရှိပါလိမ့်မည်။ ခရစ္စမတ်လက်ဆောင်၏ ကောင်းမြတ်ခြင်းအကျိုးဆက်ကို တပါးသူတို့အားပြောကြားပါ။ ထိုသူတို့လည်းရရှိပါစေ။

**ဘုရားသခင်၏ဆုကျေးဇူးတော် (ရော၊ ၆း၂၃ခ)**

ဘုရားသခင်ပေးတော်မူသောဆုကျေးဇူးတော်ကား၊
ငါတို့သခင် ယေရှုခရစ်အားဖြင့် "ထာဝရအသက်" ပေတည်း။

**ဘုရားသခင်၏သက်သေခံတော်မူချက် (၁ယော၊ ၅း၁၁)**

သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည်ငါတို့အား"ထာဝရအသက်"ကိုပေးတော်မူ၍၊
ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကို ရသောသူ သည်အသက်ကိုရ၏။
ဘုရားသခင်၏သားတော်ကိုမရသောသူမူကားအသက်ကိုမရ။

# ပြုံးကြည့်နေမှာပါ

**ကမ်းနားသစ်ပင်**

'ဝသုန်'က ... ဒီမြို့လေးကို တာဝန်နဲ့ရောက်လာပြီး မိဝေးဖဝေးနဲ့မို့၊ ရောက်စမှာ မနေတတ်ဘဲ အိမ်ကို လွမ်းပြီး အိမ်ဘဲပြန်ချင်နေတယ်လေ။ ဒါပေမဲ့ ကိုမျိုးနဲ့တွေ့ပြီး အသင်းတော်မှာပါဝင်ဖို့ခေါ်တာနဲ့ အသင်းတော်လေးမှာပဲပျော်သွားတယ်။ အသင်းသားတွေကလည်း ... စည်းစည်းလုံးလုံးနဲ့ လူသစ်မို့ ဘေးဖယ်မထားဘဲ နွေးနွေးထွေးထွေးနဲ့ ကြိုဆိုကြတယ်လေ။ ဒီလိုနဲ့ တစ်ပတ်ကနေတစ်လ ... တစ်လကနေတစ်နှစ် အသင်းတော်မှာပါဝင်ရင်း 'ဝသုန်'တစ်ယောက်ပျော်နေခဲ့ပါပြီ။

'ကိုမျိုး'ဆိုသူက ...သဘောကောင်းပြီး၊သူတပါးအတွက်အမြဲကူညီတတ်သူတစ်ဦးပါ။ နှုတ်၏စောင့်မခြင်း၊ လက်၏စောင့်မခြင်းနဲ့အသင်းတော်မှာရှိတဲ့ ...လူကြီးလူငယ်ကို... မ,စတတ်သူ၊ အသင်းတော်ကအားကိုးရတဲ့သူတစ်ဦး၊ အသင်းတော် လူငယ်ခေါင်းဆောင် တစ်ယောက်ဖြစ်ပြီး၊ အမြဲပြုံးပျော် တက်ကြွတဲ့သူလည်း ဖြစ်ပါတယ်။

*****

"ဟင်!... ကိုမျိုးကြီးပါလား...ဘာအစီစဉ်တွေရှိလို့လဲ"

"မေ့နေပြီထင်တယ်၊ ဝသုန် ... လိုချင်တဲ့သီချင်းစီဒီပေးဖို့ ... သက်သက်ဝင်လာတာပါ"

"ဝိညာဉ်တော်နှိုးဆော်တာဘဲထင်တယ်။ ဝသုန် ... ကိုမျိုးကို ပြောစရာရှိလို့သတိရနေတာ"

"ဟုတ်ရဲ့လားဗျာ"

"ဟုတ်တယ်ကိုမျိုး ... မနေ့က ဝသုန်အလုပ်သွားဖို့ပြင်ဆင်ပြီး ခဏအချိန်လေးရတာနဲ့...မိနစ်ပိုင်းလေးရယ်ပါ... အိမ်ပြင်လှေခါးထစ်လေးမှာထိုင်ရင်း အေးမြတဲ့လေနုအေးလေးဟာ ဝသုန်ရဲ့ပါးပြင်ကို ထိတွေ့လို့ ရှူရိုက်ရင်း ရင်ထဲအေးမြပြီး တစ်မျိုးလေးခံစားရတယ်။ ကောင်းကင်ကြီးကို မော့ကြည့်တော့ ကြယ်တာရာ တွေဝန်းရံထားလို့ သာလိုက်တဲ့ လမင်းကြီးရယ်လို့ ကြည်နူးနေစဉ်မှာ ဖန်ဆင်းရှင်ဘုရားသခင်ကိုချီးမွမ်းရင်း ... သန့်ရှင်းသောဝိညာဉ်တော်ကိုတမ်းတမိတယ်။ 'ဝေမျှလိုက်ပါ– ဤမေတ္တာ'ဆိုတဲ့ စကားလေး ချက်ချင်းပဲ ကြားရတယ်။ ခရစ်တော်ဘုရား တိုင်တော်ပေါ်မှာ ပြုတော်မူသောအမှု အားဖြင့် ဒီနေ့ဝသုန်တို့ ခံစားနေရတဲ့ ဘုရားရဲ့မေတ္တာ၊ ကျေးဇူးတော်၊ ခွင့်လွှတ်ခြင်း ... စတဲ့ နက်နဲတဲ့အရာတွေကို လိုအပ်နေတဲ့သူတွေကို ဝေမျှပေးဖို့ပေါ့နော်"

"ဟာ! တယ်ဟုတ်ပါလား ... နက်နဲတဲ့အရာတွေဆိုလို့ ဝသုန်ကို ပြောရအုံးမယ်။သန့်ရှင်းသောဝိညာဉ်တော်က ကျွန်တော်တို့နဲ့အတူသွားလာဦးဆောင်ပေးနေတာ ... အဲဒီနက်နဲတဲ့အရာတွေဆိုတာကို ဝိညာဉ်တော်က တစ်ခုပြီးတစ်ခု ဖေါ်ပြတာပါဘဲ"

"သိပ်မှန်တာပေ့ါ... ကိုမျိုး။ ဝသုန်ဆက်ပြောပါအုံးမယ်။ အဲဒီအချိန်လေးဟာမိနစ်ပိုင်းလောက်ပဲ ကြာပါတယ် ... ဒါပေမဲ့လေ အဲဒီလိုခံစားရပြီးတဲ့နောက် ... ဝသုန်ရဲ့ရင်ထဲမှာ တကယ့်ပျော်ရွှင်မှုတစ်မျိုးကို ခံစားရပြီး ကြည်နူးပေ့ါပါးသွားတယ်။ ဝသုန် မျက်နှာလည်းပြုံးနေသလို ... ပြုံးစိစိလေးနဲ့... ကိုယ်ဟာကိုယ် သတိထားမိတယ်"

" အဲဒါစစ်မှန်သောပျော်ရွှင်ခြင်းပေ့ါ။ ဆက်ပြောပါအုံး "

"အင်း...ဒီတခါတော့အလုပ်ထဲရောက်သွားပြီ။ အလုပ်လုပ်နေရင်းနဲ့ စောစောကပြောတဲ့ပျော်ရွှင်မှုလေးကိုစဉ်းစားဆင်ခြင်နေမိတယ်။ ဒီတခါတော့...ဒို့ကိုမျိုးကြီးအကြောင်းတွေးမိပြန်တယ်"

" ဟဲဟဲ...ကောင်းခန်းတော့ရောက်ပြီ ... ကော်ဖီလေးတစ်ခွက်တော့တိုက်ရင်ကောင်းမယ် "

" ဟာ! မေ့နေလိုက်တာ...စိတ်ချတိုက်မှာပေ့ါ... အဲဒါဆိုခဏလေးနော် "

"ကဲ...ပါးစပ်ကပြောရင်း လက်ကဖျော်ပေ့ါ။ နားနဲ့နားထောင်တာဘဲ အချိန်တွေနှမြောပါတယ်"

" အမယ်! ကိုမျိုးအကြောင်းစဉ်းစားမိတယ်ဆိုလို့ စိတ်တွေရောက်ယက်ခတ်ကုန်ပြီးလား "

" မဟုတ်ပါဘူး...ဝသုန်ရဲ့ဇာတ်လမ်းလေးဆက်ကြားချင်လို့ပါ"

"နောက်တာပါ။ မ,စခင် ကြိုတင်ပြောစရာတစ်ခုရှိတယ်။ အခုပြောမဲ့စကားက ဝိညာဉ်စကားပါ။ ဝသုန်ဆင်ခြင်မိတဲ့အရာလေးကို ပြောပြချင်တာပါ။ ကိုမျိုးအတွက် ဒီစကားအပေါ်မှာ သာယာတာမျိုး ... ပြောရရင်တော့ ထိမိ၍လဲစရာစကား ... မဖြစ်စေချင်ဘူးနော် "

" ကျွန်တော်နားလည်ပါတယ်။ ဆက်ပြောပါအုံး "

" ဝသုန်လေရောက်ခါစက ... အသိမိတ်ဆွေမရှိ၊ ဘယ်သူ့ကိုအားကိုးရမှန်းမသိ၊ ဘယ်သွားလို့ ဘယ်လာရမှန်းမသိတဲ့အချိန်ကစပြီး ကိုမျိုးကဝသုန်ကိုကူညီခဲ့တယ်၊ ဒါက ဝသုန့်အပိုင်းကိုဝသုန်ပြောတာနော်... အခြားသူတွေအတွက်လည်း ကိုမျိုးအချိန်တိုင်းမှာကူညီပေးတာ ဝသုန်သိရတယ်လေ၊ နောက်ပြီး ကိုမျိုးရှေ့မှာအားနည်းစရာပြောလိုက်ရင်လည်း ကိုမျိုးမှတ်ထားပြီး အချိန်အခါအခွင့်သင့်တာနဲ့ အဲဒီလူ အတွက် ကိုမျိုးပံ့ပိုးပေးတာဘဲ"

" ဟာဗျာ... ကျွန်တော်ကိုမြှောက်နေပြန်ပြီ "

" အင်း... ပြောပြီးပြီနော်... ဒီစကားနဲ့ ကိုမျိုးကျရှုံးမယ်ဆိုရင် ဆက်မပြောတော့ဘူး "

" ဟော့ဟော့... ဝိညာဉ်စကားဆိုဆက်ပြော ... နားထောင်နေတယ် "

" မဟုတ်ဖူး... ကိုမျိုးရဲ့"

" ဟာဟ!...ဝိညာဉ်စကား မဟုတ်ပြန်ဖူးလား "

" အို့အိုး...နိုးနိုး... မဟုတ်ဖူးဆိုတာက ဒီလိုပါ။ အဲဒီ ကိုမျိုးရဲ့ မေတ္တာစေတနာနဲ့ ကျေးဇူးပြုမှုသဘောတရားတွေကို ဝသုန်က ဘုရားရဲ့မေတ္တာနဲ့ သွားမြင်ပြီး ခံစားလိုက်တာ။ ဒီလိုလေ... ကိုမျိုးရဲ့ ဝသုန်တို့က အခုခဏ လောကယာယီတဲမှာ ရှိနေခိုက် ... လူလူချင်း တစ်ယောက်နဲ့တစ်ယောက်အသိဝန်တာစိတ်ရှိပြီး စစ်မှန်တဲ့မေတ္တာနဲ့သွားလာလုပ်ဆောင်လေသမျှတွေဟာ... စစ်မှန်တဲ့ဘုရားရဲ့မေတ္တာ တစ်စိတ်တစ်ပိုင်းကို ဒီမြေပေါ်မှာ တိုက်ရိုက်ခံစားနေရသလို ဖြစ်မိလို့ပါ "

" ကျွန်တော်အလုပ်က အသင်းတော်နဲ့လူငယ်ကြိုးစားခြင်းတွေမှာ ခိုင်းသမျှ၊ ပေးအပ်တဲ့တာဝန်မှန်သမျှ ကျွန်တော်မငြင်းဘူး။ လူဆိုတာ ဘုရားသခင်ဖန်ဆင်းပေးလို့ လူ့လောကထဲရောက်လာကြတာ။ အဲဒီတော့ ကျွန်တော်တို့က ဘုရားသခင်ခိုင်းတဲ့အလုပ်ကို မငြင်းသင့်ဘူးလို့ ကျွန်တော်ထင်တယ်။ ဘုရားသခင်အတွက်တတ်နိုင်သမျှ၊ ခွန်အားရှိသမျှ၊ ကျွန်တော်ပေးဆပ်ချင်တယ်။ ကျွန်တော်ကို ဘယ်သူပဲ ခိုင်းခိုင်း ပေးအပ်တဲ့တာဝန်ကို အကောင်းဆုံးလုပ်ပေးချင်တာ ကျွန်တော်ရဲ့ဆန္ဒပါ "

*****

ဝသုန်...ကိုမျိုးကိုလေးစားနေမိသည်။ စကားပြောကောင်းနေလိုက်တာအချိန်တွေကုန်မှန်းမသိကုန်သွားပြီ။ ဆက်ပြောချင်တာလေးတွေလည်း ဝသုန်ရင်မှာအပြည့်ပါ။ အမှန်အတိုင်းဝန်ခံရရင် ... အသင်းတော်မှာ ဘာပဲလုပ်ခိုင်း ငြင်းခဲ့တဲ့ ... ဝသုန်၊ ဘုရားရှိခိုးကျောင်းမှန်မှန် မတက်တာလည်း ... ဝသုန်၊ ကိုမျိုးရဲ့စိတ်ဓါတ်နဲ့လုပ်ရပ်တွေကို ယှဉ်လိုက်ရင် ... ဝသုန်မှားနေမှန်းသိ၍ ရှက်ပြုံးလေးပြုံးမိသည်။

*****

ဘုရားကျောင်းမှာ နိပါတ်တော်ပြဇာတ်ကျင့်ဘို့ ကိုမျိုးလာခေါ်မှာမို့ ဝသုန်အဆင်သင့်ဖြစ်နေ၏။ အိမ်ရှေ့မှာ ကားရပ်သံနဲ့အတူ တံခါးခေါက်သံ "ဒုံး ဒုံး ဒုံး" ကြား၍၊ တံခါးကိုသေချာပိတ်ပြီး၊ ဝသုန်ထွက်လာခဲ့သည်။ စကားပြောရင်း ဘုရားကျောင်းသို့ ရောက်လာကြသည်။ ပစ္စည်းများကို နေရာတကျထားပြီး၊ လူစုံရန်စောင့်နေစဉ် ... ဒီဇင်ဘာလ ဆောင်းတစ်ညရဲ့ ကြည်လင်သာယာတဲ့ ကောင်းကင်ယံမှာ၊ တဖိတ်ဖိတ်တောက်ပနေကြတဲ့ ကြယ်တာရာ၊ သာလိုက်တဲ့ လမင်းသော်တာ၊ အော် ... လင်းထိန်တဲ့ည။ နှစ်ဦးသားမှာ အတွေးကိုယ်စီနဲ့ ရှိနေစဉ် ကိုမျိုးက တိတ်ဆိတ်မှုကို ဖျို့ခွင်း၍ မိုးကောင်းကင်ကို ညွှန်ပြပြီး ...

"ဝသုန်...ဟိုမှာကြည့်စမ်း၊ ထူးထူးခြားခြား လင်းလိုက်တဲ့ ကြယ်ကြီးတစ်လုံး၊ တောက်ပနေတာ အသက်ဝင်လှုပ်ရှားနေ သလိုပါဘဲ ... ကျွန်တော်က မာဂုပညာရှိ(၃)ပါးအကြောင်း စဉ်းစားမိတယ်။ သူတို့တတွေဟာပညာရှိဆိုတဲ့အတိုင်း အလာလမ်းကို လောကီပညာတစ်ရပ်ဖြစ်တဲ့ နက္ခဗေဒပညာကို အားကိုးပြီးတွက်ချက်ကြတာနဲ့မလုံလောက်သေးဘူး။ ယဇ်ပရောဟိတ်တို့နဲ့ ကျမ်းပြုဆရာရှိသမျှတို့ကို မေးမြန်းပြီး လာခဲ့ကြတယ်။ ဒါပေမဲ့ အပြန်ခရီးမှာ ဘုရားသခင်ရဲ့လမ်းပြမှုကို ခံယူပြီးပြန်သွားကြတယ်။ ဒီအချက်ဟာ ကယ်တင်ရှင်ယေရှုခရစ်တော်ကို ဖူးတွေ့ပြီး သူတို့နှလုံးသားထဲ လက်ခံရရှိတဲ့ အလင်းရှင်ကို ယုံကြည်စိတ်ချစွာအားကိုးခဲ့လို့ဘဲ ... မဟုတ်လား"

" ဟုတ်တယ်နော် ... ကိုမျိုး"

" လူအသိုင်းဝန်းဟာ ပထမမှာ လောကီပညာ၊ ဆင်ခြင်တုံတရား၊ အတတ်ပညာ၊ အသိပညာတွေကို အားကိုးလေ့ရှိတယ်။ အောင်မြင်လာတဲ့အခါမှာ ငါတော်လို့ဆိုပြီး လက်မထောင်တတ်ကြတယ်။ ခရစ်တော်ကို တွေ့ရှိပြီးသူကြတော့ လောကီပညာထက် ဘုရားကိုသာ အားကိုးတတ်လာတယ်။ ဘုရားသခင်ရဲ့ လမ်းပြမှုကိုလည်း အမြဲခံစားလာရတယ်။ ဘုရားသခင်ရဲ့လမ်းပြမှုကို သူတို့တစ်သက်လုံး ခံစားကြရလိမ့်မယ် "

" ဘုရားမေတ္တာဆိုတာအဆုံးမရှိပါဘူး၊ တစ်ဘက်သတ်တသွင်သွင်စီးနေတာဘဲ ... ကိုမျိုး "

" ဘုရားမေတ္တာ! ... ဟုတ်ပြီ၊ ဝသုန်ရဲ့ 'ဝေမျှလိုက်ပါ – ဤမေတ္တာ' ကို ဆက်ပါအုံးလား"

" ဘုရားမေတ္တာက... ဝသုန်တို့ကို အိပ်ချိန်မှာတောင် ပစ်မထားဘဲ အချိန်တိုင်း ကြည့်ရှုနေတဲ့ဘုရား၊ ဝသုန်တို့လိုအပ်တာကို သိနေတဲ့ဘုရား ... လူကပြောလိုက်မှ သိတဲ့အပိုင်းရှိတဲ့အခါရှိသေးတယ်။ ဘုရားကနှလုံးသားကိုမြင်တဲ့ဘုရားဆိုတော့ ... ဝသုန်တို့နှလုံးသားနဲ့တမ်းတလိုအပ်တဲ့ အရာအားလုံးကို ဘုရားက ပြင်ဆင်ပေးနိုင်လို့ ဝသုန်က အမြဲတမ်း အံ့ဩချီးမွမ်းလို့ မကုန်ဘူးလို့ ပြောချင်တာပါ"

" အာမင် ... ခေါ်ပါတယ်ဗျာ "

"ဘုရားသခင်က...ဘယ်သူတစ်ဦးတစ်ယောက်ကိုမှဆုံးရှုံးဘို့အခွင့်မပေးဘူး။ စိတ်ပျက်အားငယ်တဲ့အချိန်မှာလည်း တိုင်ပင်ဘက်အနေနဲ့အတူရှိတယ်။ ဝမ်းနည်းပူဆွေးခံစားရလည်းနှစ်သိမ့်ခြင်းပေးတယ်။ ဘာမျှပူပင်စရာမရှိအောင်လည်းငြိမ်သက်ခြင်းရတယ်။ ဒါကြောင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့်သာ ဘုရားရဲ့မေတ္တာကိုဖေါ်ပြပေးတယ်ဆိုတာ ... ဝသုန်ခံစားနားလည်ရတယ် "

"ဝသုန်ပြောတာအမှန်တယ်။ ကျွန်တော်တို့က လောကအရာတွေကို စွဲလန်းတပ်မက်တဲ့စိတ်နဲ့ ငါဆိုတဲ့အတ္တအရာကို ဘေးဖယ်သင့်တယ်။ ဘုရားဆီကလာတဲ့အရာကိုပဲ မျှော်ကြည့်ဖို့လိုတယ် "

******

အော် ... ခရစ်တော်မွေးဖွားတဲ့လရာသီ ရောက်ရှိလာပြီ။ ဘုရားမေတ္တာ ဘယ်လောက်နက်နဲတယ်ဆိုတာ သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် တစ်နှစ်ထက်တစ်နှစ် တိုးပြီသိခွင့်ရလို့၊ ဘုရားရှင်ကို အမှန်တကယ်ပဲ ကျေးဇူးတင်ပါတယ်။ အပြစ်သား ကျွန်မတို့ အပါယ်ငရဲကို မရောက်ဖို့အတွက် အသက်ပေးပြီး ချစ်ခဲ့တဲ့ မေတ္တာတော်ကို ထာဝစဉ်လက်ခံယုံကြည် သတိရနေမယ်ဆိုရင် ဘုရားရှင် ကျေနပ်ပြီး ပြုံးကြည့်နေမှာပါ။ ။

# မွေးနေ့ရှင်ကိုမဖိတ်သောမွေးနေ့ပါတီ

John Ma

သားဦးကို ဖွားမြင်၍ အဝတ်နှင့် ပတ်ရစ်ပြီးမှ၊ဧည့်သည်တည်းရာ စရပ်၌ သူတို့နေစရာ မရှိသောကြောင့်၊ သူငယ်ကို နွားစားခွက်၌ သိပ်ထားလေ၏။ (ရှင်လုကာ ၂ း ၁၁)

တခါက အလွန်ကြီးကျယ်သော မွေးနေ့ပါတီ (Birthday Party) တစ်ခု၌ ဖိတ်ကြားထား သောဧည့်သည်များသည် စားကြသည်။ သောက်ကြသည်။ ကကြသည်။ ခုန်ကြသည်။ ပျော်ကြသည်။ မြူးကြသည်။ လက်ဆောင်ပေးကြသည်။ ရာထူးကြီးလေလေ လက်ဆောင်ကောင်းကောင်းရလေလေ ဖြစ်သည်။ ဤပါတီ၌ အဓိကဖြစ်သော မွေးနေ့ရှင်ကိုမူကား လက်ဆောင်ပေးဖို့ နေနေသာသာ ဖိတ်ကြားရန်ပင်မေ့နေသည်။

ဤလောက၌ မွေးနေ့ရှင်ကို မဖိတ်သော မွေးနေ့ပါတီ တကယ်ရှိသလော။ ရှိပါသည်။ အထူးသဖြင့် ဒီဇင်ဘာလတွင် မွေးနေ့ရှင်ကို မဖိတ်သော မွေးနေ့ပါတီ၊ မွေးနေ့ရှင်ကို လက်ဆောင်မပေးသောမွေးနေ့ပါတီ အလွန်များပြားသည်။

အချို့ခရစ္စမတ်ပါတီများတွင် မွေးနေ့ရှင်ဖြစ်သော သခင်ခရစ်တော် ယေရှုဘုရားကို ဖိတ်ကြားထားခြင်း မတွေ့ရ။ အချို့ခရစ္စမတ်ပါတီများတွင်မူကား အဓိကမွေးနေ့ရှင်ဖြစ်သော သခင်ခရစ်တော်ယေရှုဘုရားကို ဖိတ်ကြားထားသော်လည်း ယေရှုဘုရားအား လက်ဆောင်ပေးသည်ကို မတွေ့ရ။ အလုပ်များလွန်း၍ မေ့နေပုံရသည်။

Thanksgiving ပြီး၍ ဒီဇင်ဘာလရောက်လာပြီဟုဆိုလျှင် Mall တိုင်းလိုလို၌ On Sale များပြုလုပ်ကြသည်။ လက်ဆောင်ပေးရန်အတွက် Shopping ထွက်ကြသည်။ တစ်ယောက်မှ လွတ်မသွားအောင် တစ်နှစ်ပတ်လုံး ကိုယ့်ကိုကူညီခဲ့သောသူများ၊ လက်အောက်ငယ်သားများ၊ အထက်အရာရှိများ၊ ဆွေမျိုးမိတ်သင်္ဂဟများအတွက် လက်ဆောင်စာရင်းဇယားပြုလုပ်၍ လက်ဆောင်သွားဝယ်ရသည်မှာလည်းမသက်သာပါ။ အလွန်ရင်မောရပါသည်။ ပါတီ၌ကျွေးရန်အတွက် အစားအသောက်နှင့် သေရည်သေရက်များဝယ်ယူကြသည်။ ပါတီအတွက်စီစဉ်ရသည်။ ဖိတ်ကြားရသည်။ ဒီဇင်ဘာလသည် အလုပ်အများဆုံးသောလဟုဆိုလျှင် မှားမည်မထင်ပါ။

ခရစ္စမတ်ပွဲတော်သည် ကျွန်တော်တို့လောကသားတစ်ယောက်စီ၏ အပြစ်များအတွက် ကယ်တင်သည့် သခင်ခရစ်တော် ယေရှုဘုရား၏ မွေးနေ့တော်ဖြစ်သည်ကို သိလျက်နှင့် ခရစ္စမတ်ပါတီသို့ ခရစ်တော်ယေရှုဘုရားကို ဖိတ်ကြားထားခြင်းမရှိ။ တခါတရံဖိတ်ကြားသော်လည်း လက်ဆောင်လည်းမပေး။ ခရစ်တော်ယေရှု၏ မွေးဖွားခြင်းကို နေရာလုံးဝမပေးနိုင်။ အချိန်လည်းမပေးနိုင်။

ကျမ်းစာတွင်ဖော်ပြသည့်အတိုင်း လွန်ခဲ့သောနှစ် ၂၀၀၀ကျော်၌ ဖွားမြင်သော ခရစ်တော်ယေရှုအတွက် ဧည့်သည်တည်းရာစရပ်၌ နေစရာမရှိသောကြောင့် နွားစားခွက်၌ သိပ်ထားရလေ၏။ ထို့ကြောင့် ခရစ္စမတ်ပွဲတော်သည် လောကသားတစ်ယောက်စီတိုင်း၏ အပြစ်များအတွက် အသေခံ၍သုံးရက်မြောက်သောနေ့တွင် သေမင်းကို အောင်မြင်ပြီး ပြန်လည်ရှင်ထမြောက်သည့် သခင်ခရစ်တော် ယေရှုဘုရား၏ မွေးနေ့တော်ဖြစ်ကြောင်းကို မသိသေးသော သူများသိရှိအောင်ပြောပြကြပါစို့။အဓိကမွေးနေ့ရှင်ဖြစ်သော သခင်ခရစ်တော်ယေရှုဘုရားကို ခရစ္စမတ်မွေးနေ့တော်သို့ဖိတ်ကြား ကြပါစို့။ အဓိကမွေးနေ့ရှင်ဖြစ်သော သခင်ခရစ်တော်ယေရှုဘုရားကို လက်ဆောင်ပေးကြပါစို့။ ။